ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံရုံး

ရီယာဒ်မြို့

## အသိပေးနှိုးဆော်ခြင်း

(က) ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသ မြန်မာနိုင်ငံသား (ခရီးသွားများ/ သင်တန်းသားများ/ တာဝန်ဖြင့် ရောက်ရှိနေသူများ) အနေဖြင့် မိမိတို့၏ နိုင်ငံကူး လက်မှတ်များလုယက်ခံရခြင်း၊ ပျက်စီး ပျောက်ဆုံးခြင်းများ ဖြစ်ပေါ်မှု မရှိစေ အတွက် အထူးသတိပြုနေထိုင်ကြပါရန် မြန်မာသံရုံး၊ ရီယာဒ်မြို့အနေဖြင့် သတိပေး နှိုးဆော်အပ်ပါသည်။

(ခ) အကယ်၍ လုယက်ခံရခြင်း၊ အခိုးခံရခြင်းအပါအဝင် အကြောင်းအမျိုးမျိုး ကြောင့် နိုင်ငံကူးလက်မှတ် ပျက်စီး / ပျောက်ဆုံးကြောင်း သတင်းပို့ တိုင်ကြားသည့်အခါ သက်သေ အထောက်အထားပြနိုင်ရန်အတွက် မိမိတို့၏ မြန်မာနိုင်ငံကူး လက်မှတ် များအား မိတ္တူကူးယူထား၍ သီးသန့် သိမ်းဆည်းထားရန် တိုက်တွန်းအပ်ပါသည်။

(ဂ) ထိုသို့ သတင်းပို့တိုင်ကြားနိုင်ရန်အတွက် အရှေ့အလယ်ပိုင်းဒေသတွင် ဖွင့်လှစ် ထားရှိသည် မြန်မာသံရုံးများ၏ လိပ်စာနှင့် ဖုန်းနံပါတ်များအား သိရှိ မှတ်သား ထားရန် လိုအပ်ပါမည်။

(ဃ) အကယ်၍ မိမိတို့ ကိုင်ဆောင်နေသည် နိုင်ငံကူးလက်မှတ် ပျက်စီး ပျောက်ဆုံးမှုနှင့် ကြုံတွေ့ရသည့်အခါ မိမိ ရောက်ရှိရာနေရာ အနီးဆုံး အရပ်ရှိ မြန်မာ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ ကိုယ်တိုင်သော် လည်းကောင်း၊ စာဝ သော်လည်းကောင်း အောက်ဖော်ပြပါ အထောက် အထား/ အချက်အလက်များဖြင့် အသိပေး အကြောင်းကြားရန် လိုအပ်မည် ဖြစ်ပါသည်-

(ကက) ရဲစခန်းတိုင်ချက် ထောက်ခံစာ(လုယက်ခံရခြင်း၊ ပျောက်ဆုံးခြင်းများ ဖြစ်ပေါ်သည်နှင့် တစ်ပြိုင်နက် ခိုင်မာသ အထောက်အထား တင်ပြ နိုင်ရန်အတွက် နီးစပ်ရာ ရဲစခန်းသို့ ချက်ချင်းတိုင်ကြား၍ ပျောက်ဆုံး ကြောင်း တိုင်ကြားစာ ရယူထားရန် ဖြစ်ပါသည်။)

(ခခ) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သို့ တင်ပြ ခွင့်ပြုချက် ရယူနိုင် ရန် အတွက် ပျောက်ဆုံးသွားသည် နိုင်ငံကူးလက်မှတ် အမှတ်၊ ထုတ်ပေ ရက်စွဲပါ စာမျက်နှာနှင့် ပြည်ဝင်ဗီဇာ စာမျက်နှာ မိတ္တူများ၊

(ဂဂ) လိုင်စင်ဓါတ်ပုံ (၃) ပုံ

(င) မြန်မာသံရုံး၊ ရီယာဒ်မြို့အနေဖြင့် မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့သို့ အဆိုပါ အထောက်အထားများ ပြည့်စုံစွာ ပူးတွဲ၍ မြန်မာနိုင်ငံကူး လက်မှတ်အသစ် သို့မဟုတ် တစ်ကြိမ်တစ်ခါသုံး မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံ လက်မှ[illegible] ထုတ်ပေး ခွင့်ပြုနိုင်ရန်အတွက် တင်ပြပေးမည် ဖြစ်ပါ သည်။

(စ) ခွင့်ပြုချက်ရရှိပြီးမှသာလျှင် မြန်မာသံရုံး၊ ရီယာဒ်မြို့အနေဖြင့် မြန်မာနိုင်ငံဂ လက်မှတ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါ ကြောင်း အသိပေး ဖော်ပြအပ်ပါသည်။

မြန်မာသံရုံး၊ ရီယာဒ်မြို့

ရက်စွဲ၊ ၂၀၁၅ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်

မြန်မာသံရုံး၊ ရီယာဒ်မြို့

ရုံးတွင်းစာအကျဉ်းချုပ် သို့တည်းမဟုတ် စာကြမ်းရေးရန်စာရွက်

အကြောင်းအရာ။ မြန်မာနိုင်ငံသားများအတွက် အသိပေးနှိုးဆော်ချက်အား သံရုံး Website တွင် တင်ထားနိုင်ရန် တင်ပြခြင်း

ရည် ညွှန်း ချက်။ နိုင်ငံခြားရေးဝန် ကြီးဌာန၏ ၂၇-၇-၂၀၁၄၅ ရက်စွဲပါ စာအမှတ်၊ ၄၇ ၀၅ ၂၀၁၅ (၄၇၁၈)

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသည့် မြန်မာနိုင်ငံသားများ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးခြင်းများ ဖြစ်ပေါ်သည့်အခါ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာသံရုံး၊ မြန်မာအမြဲငကိုယ်စားလှယ်အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ၏ Website များတွင် အသိပေးဖော်ပြရန် ရည်ညွှန်းစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါ ကိစ္စနှင့်ပတ်သက်၍ အရှေ့အလယ်ပိုင်းဒေသတွင် ရောက်ရှိနေကြသော မြန်မာနိုင်ငံသားများ သိရှိစေရန် မြန်မာသံရုံး၊ ရီယာဒ်မြို့အနေဖြင့် သံရုံး Website တွင် တင်ပြမည့် အသိပေးနှိုးဆော်ချက် လုပ်ငန်းအဆင့်ဆင့် (စာကြမ်း/ချော)အား စိစစ် အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

ဒုတိယအတွင်းဝန်(DCM)